# သခင့်စကား

The LORD's Word

ဝိညာဉ်ရေး ရာ စာစောင်

ငါ့မှာထားသောအရာဟူသမျှကား ငါ့စကား ကိုနားထောင်ကြလော့။ သို့ပြုလျှင် ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်မည်။ ယေရမိ ၇း၂၃

အမှတ်စဉ် (၈၁) | မေလ | ၂၀၀၈ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ' အစစ်အမှန် ' သမီးငယ် (ပန်းတာနော်)

သောက်တိုင်း ငတ်မပြေနိုင်တဲ့ လောကရဲ့ သောကကြား
ထပ်သောက်စရာ မလိုအောင် အမြဲအေးမြနေတဲ့ အမေ့မေတ္တာ ရေကြည်အေးက
သောကတွေ အဝေးပြေးစေဖို့ ထာဝစဉ်ကာကွယ်ပေးနေတယ် ။
သင်ယူလို့ မဆုံးနိုင်တဲ့ လောကရဲ့ ပညာရပ်တွေကြား
ရိုးရှင်းစွာ သွန်သင်ခဲ့တဲ့ ဖေဖေ့ရဲ့ မေတ္တာပြည့်ဝ ဆုံးမ စကားတွေက
ငါဒုက္ခ ရောက်စဉ်တိုင်းမှာ အစဉ်အမြဲ အကြံပေးနေတယ်။
ပင်ပန်းမှုတွေ ခဏပြယ်စေမဲ့ လူဖန်တီးရာ ပျော်စရာတွေကြား
မိသားစု အတူလက်တွဲ ခွန်အားအမြဲ တောင်းခံနေတဲ့ ဘုရားကျောင်းလေးက
လာလေသမျှ သောကတွေကို ဖယ်ရှား ကျော်လွှားပေးနေတယ် ။
အမှားအမှန် ရောသွမ်းနေတဲ့ ဒီရှုပ်ထွေး လောကကြီးမှာ
ကောင်းဆိုးတိုင်ပင် ချစ်ခြင်းခိုင်မြဲ မိသားစုလေး ကိုယ်စီဖြစ်ဖို့
ထက်ကောင်းကင်အဖ လိုအပ်နေသည် 'ခရစ်ယာန်အိမ်ထောင်' ပီသမှု။

---

## "အနှိုင်းမဲ့တဲ့မေမေ" Samuel Soe Lwin ကလေးမြို့၊ ချင်းပြည်နယ်

ရာသီခွင် စနစ်တွေရယ် ၊ ကုန်လွန်ကာနှောင်း ရက် လ တွေပေါင်း
နှစ်တွေပြောင်း၍ အမြဲတစေ ပြောင်းလဲနေလဲ
နေ့ရက်လနှစ် တို့နှင့် အတူ မပြောင်းလဲ ၊ အမြဲသစ်လွင်ကာ ထပ်ပြောင်းမြဲ
တိုးပွားမြဲအဖြစ် ရတနာဟာ ၊ သားကိုချစ်တဲ့ အမေ့မေတ္တာ ။
သွေးသားခန္ဓာတွေရယ် ၊ မတည်ရှဲ့စောင်း ဇရာတွေထောင်း
အိုကာ ညှောင်း၍ ရုပ်ရည်တွေ ခြောက်တွန့်နေလည်း
ဓမ္မတာတို့နှင့်အတူ မရှဲ့စောင်းဘဲ ၊ အမြဲနုပျိုလွင်ကာ သစ်ကောင်းဆဲ
တည်တန့်မြဲအဖြစ် ရတနာဟာ ၊ သားကိုချစ်တဲ့ အမေ့ ကရုဏာ ။
ပညာစု စနစ်တွေရယ် ၊ ချဲ့ထွင်ပြုမှုကောင်း စနစ်ဟောင်းကို မောင်း
စနစ်သစ်ကို ပေါင်း၍ ထပ်လောင်းကာ ပြုကြရပေမဲ့
ပညာစနစ်နဲ့ မတူ ဖောက်ပြန်မှု ကင်းမြဲ ၊ အစဉ်ဘဲ အသက်ဝင်ကာ အောင်ပွဲနွဲ
တင့်တယ်မြဲ အဖြစ် ရတနာဟာ ၊ သားကို ချစ်တဲ့ အမေ့ သစ္စာ ။

---

## အစစ်အမှန် E.E.M

**မိသားစုတွေနဲ့ ခဏတာ ခွဲခွာ ၊ ကြင်နာမှုတွေနဲ့ ဝေးကွာပြီး**
**ဝမ်းရေးအတွက် ငွေရှာနေတဲ့ ငါ . . .**
**လောကဓံရဲ့ ထိုးနှက်မှုကြားက ၊ ရလို ရငြား ရှာဖွေမိတဲ့ မေတ္တာ**
**တကယ်ရရှိတာကတော့ အတုအယောင်တွေဘဲ**
**မပြောင်းလဲတဲ့ မေတ္တာ ၊ မဟောင်းနွမ်းတဲ့ အကြင်နာနဲ့**
**အစဉ်အမြဲချစ်နေမယ့် ထိုသခင်ကိုတော့ ငါ ဘာလို့ မေ့နေတာပါလိမ့်။ ။**

---

## ငါ့အမိ ငါ့အစ်ကို ငါ့မောင်နှင့် ငါ့သိုးထိန်း (ဆုံးရင့်စိမ်း)

"ငါ" လို့ဘဲ စာဖတ်သူတွေကို ရင်းနှီးပွင့်လင်းစွာ သုံးနှုန်းပြီး "ငါ့အမိ ငါ့အစ်ကို ငါ့မောင် ငါ့သိုးထိန်း" အကြောင်း ရေးသားရင်ဖွင့်ပြောပြပါရစေ။ ငါ့ကို မွေးထုတ်လိုက်တဲ့ ငါ့အမေမှာလေ ဒုတိယမွေးချင်းဖြစ်တဲ့ အစ်ကိုကြီးရယ် မထင်မှတ်ဘဲ ရရှိခဲ့တဲ့ အငယ်ဆုံးသား ငါ့မောင်လေးရယ် ( သူတို့ကြားထဲမှာ မိန်းကလေးတွေ အများကြီးရှိသေးတယ်၊) ဆိုပြီး ယောကျ်ားသား နှစ်ယောက်ရှိပါတယ်။ သူတို့နှစ်ယောက် အသက်ရှင်နေထိုင်ပုံကတော့ ကွဲပြားခြားနားပြီး မတူညီတဲ့ အကျင့် စရိုက်လေးတွေ ကိုယ်စီနဲ့ပေါ့။ သူတို့နှစ်ယောက်ကို မွေးထုတ်ခဲ့တဲ့ ငါ့အမေရဲ့ တစ်ခုတည်းသော ဆန္ဒကတော့ နှစ်ယောက်စလုံး ဘုရားသခင်ရဲ့ အမှုတော် ဆောင်တွေဖြစ်ဖို့ပါဘဲ။ ငါ လူမှန်း စသိတဲ့ အရွယ်ကတည်းက ငါ့အစ်ကိုကြီးဟာ အရက်သမား၊ လက်ဖဲ့ သမား၊ ဂီတသမားအပြင် ရပ်ကွက်ထဲမှာ လူရမ်းကား လူဆိုးတစ်ယောက် လို့ လူသိများခဲ့ပါတယ်။ ပြဿနာပေါင်းစုံ အိမ်ပြန်သယ် လာတတ်တဲ့အတွက် ငါ့အမေ ခမျာ ရွယ်တူ မိခင်တွေရဲ့ တိုင်တောခြင်း၊ အော်ငေါက်ခြင်းတွေကို မကြာခန ခံရပါတယ်။ အချိန်မတော် အိမ်ပြန် လာတတ်တဲ့ သားကို ဆုတောင်းပေးရင်း မျက်ရည်တွေနဲ့ အတူ စောင့်စား အိပ်ပျက်ခဲ့ရပါတယ်။ ကောင်စီရုံးတွေ ရဲစခန်းတွေလဲ ခနခန ရောက်ခဲ့ရပါတယ်။ ရဲစခန်းမှာ အမှု ဖြစ်တုံးက သား လွတ်မြောက်ရေးအတွက် အရှက်တွေနဲ့ ရင်းပြီး အာမခံ ရပြန်ပါတယ်။ ငါ့အစ်ကိုကြီးနဲ့ ပါတ်သက်လို့ ငါ့အမေမှာလေ စိတ်ချမ်းသာ ရတယ်ဆိုတာ မရှိခဲ့ ပါဘူး။ နောက်ဆုံးပြောရရင် ငါ့အစ်ကိုကြီးဟာ အတော်ဆုံး အလုပ်သမား ဆုကို ရရှိခဲ့ပေမဲ့ အရက်နဲ့ လဲ ခဲ့တဲ့အတွက် အလုပ်လက်မဲ့ဖြစ်ပြီး အိမ်ထောင်လဲ ပျက်ခဲ့ရပါတယ်။ ဒီလိုနဲ့ဘဲ နောက်ဆုံး ငါ့မိခင်လည်း ကင်ဆာ ရောဂါနဲ့ အရိုးပေါ် အရေတင် ပိန်လှီပြီး လောကဓံကို ခံစားနေရတဲ့ ကြား က သားကြီးအတွက် လူတွေရှေ့မှာ ရပ်တည်ခဲ့ရပါတယ်။ ရန်ဖြစ်မှုနဲ့ အင်းစိန်တရားရုံးကြီးမှာ တရားစွဲဆိုခံနေရတဲ့ သားကို ထောင်မကျဖို့အရေး ငါနိုင်ငံခြားမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ပို့လိုက်တဲ့ ငွေထုတ်လေးကို မစားရက် မသောက်ရက် ရင်မှာ ပိုက်ပြီး တရားသူကြီးနဲ့ တရားလိုတွေကို ကျေအေး ပေးဖို့တောင်းပန်ခဲ့ပါတယ်။ ရောဂါသည် မိခင်တစ်ယောက်ရဲ့ မေတ္တာကို အရက် ဆိပ် တက်နေတဲ့ သားကြီး သတိ မထားမိပေမဲ့ ဘေးနားက မြင်တွေ့နေရတဲ့ တရားသူကြီး၊ တရားလိုနဲ့ ပရိတ်သတ်တွေရဲ့ ရင်ထဲမှာ မိခင်တစ်ဦးရဲ့ သတ္တိနဲ့ မေတ္တာကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတဲ့ အတွက် သနားစိတ်တွေ ပေါ်လာပြီး အဲဒီ အမှုကို ပိတ်ပြီး ကျေအေး ပေးလိုက်ကြပါတယ်။

ရေးပြရအုံးမယ်။ ငါငယ်ငယ်တုံးက အစ်ကိုကြီးရဲ့ ဒဏ်ရာတွေကို သက်သာအောင် ပြုစုပေးရင်း ငါ့အမေရဲ့ နှုတ်ခမ်းက မကြာခန ထွက်ပေါ်လာတဲ့ စကားလေးတစ်ခွန်းကို မှတ်မိသေးတယ်။ "နင် အရက်သေစာ သောက်စား ရန်ဖြစ်ပြီး သူများတွေက ဓါးနဲ့ ထိုးသတ်လို့ သေသွားတာထက် ခရစ်တော်ရဲ့ ဧဝံဂေလိ စကားကို ပြောကြားရင်း သူများသတ်လို့ သေသွားတာက ပိုကောင်းလိမ့်မယ်။ ဘုရားအတွက် လုပ်ဆောင်ရင်း သေတာကိုဘဲ ငါပိုပြီး မြင်ချင်တယ်။ ဘုရားအမှုတော်ဆောင်ရင်း နင်သေသွားခဲ့ရင် ငါကိုယ်တိုင် နင့်အခေါင်းကို ထမ်းပြီး ပြုံးပြုံးကြီး ဒါ ငါ့သားလို့ လူတကာကို ကြွားပြီး အသုဘ ပို့လိုက်ချင်တယ် သိရဲ့လား" တဲ့၊ ဒါကတော့ ငါ့အစ်ကိုကြီးရဲ့ ဘဝ အကျဉ်းချုပ် လေးပေါ့။

ငါ့မှာ မောင်လေး တစ်ယောက်ရှိတယ်လို့ သိခဲ့တဲ့ အရွယ်ကစပြီး တိုင်း တပါးက ငါ့ဘဝအတွက် ငါ့ခြေလှမ်းတွေ အခြေစိုက်ခဲ့တဲ့ အချိန်အထိ ငါ့မောင်လေး



ဟာ ငယ်ငယ်ရွယ်ရွယ် လူလိမ္မာလေးလို့ ငါသတ်မှတ်ခဲ့ ပါတယ်။ ငါ့မောင်လေးဟာ ငယ်ငယ်ကလေးထဲက ဘုရား ဝတ်၌ မွေ့လျော်တတ်ပြီး ခေတ်ရဲ့ ရေစီးကြောင်းထဲမှာ မျောပါနေ တဲ့ သူတစ်ယောက် မဟုတ်ပါဘူး။ နွေရာသီ သင်တန်း တွေမှာ စံပြဆု တောင်ရခဲ့သလို အပါတ်စဉ် ဆန်းဒေး စကူးလ်မှာလဲ ဆုစွဲ ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဆရာ ဆရာမ တွေရဲ့ ချစ်ခင်မှုကို ရရှိခဲ့လို့ ငါ့အမေက ကြိတ်ပျော်ခဲ့ရတဲ့ သူပါ။ နောက်ကျမှ မွေးလို့ တူ တူမတွေနဲ့ အသက် အရွယ်တူ နေတဲ့ ငါ့မောင်လေးက မိခင်ရဲ့ မေတ္တာကို အချိန်အကြာကြီး မရခဲ့တဲ့အတွက် မိခင်ရဲ့ မေတ္တာကို နားလည်ပါ့မလားလို့ ငါ့ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဖြစ်ထွန်း ခဲ့ပါတယ်။ ဒါပေမဲ့ ငါ့မောင်လေးရဲ့ စာလေးတစ်စောင်ကြောင့် ငါအရမ်း အံ့သြပြီး ဝမ်းသာ ခဲ့ရပါတယ်။

စာထဲမှာ "အမိုးဟာ ငါ့ကို ကိုယ်ဝန်စ ရချိန်မှာ အိမ်မက် မက်ခဲ့တယ်။ သိုးဖြူလေး တစ်ကောင်ကို ရင်မှာပိုက်ပြီး သိုးသီချင်းလေးကို အားရပါးရ ဝမ်းမြောက်စွာ သီဆိုခဲ့ပါတယ်။ အသက်ကြီးပြီမို့ သားမဖွားနိုင်တော့ဘူးလို့ လူတကာ ထင်ထားတဲ့အရွယ်ကျမှ ကောက်ကာငင်ကာ ကျွန်တော့်ကို ရခဲ့ပါတယ်။ ဘုရားသခင်ပေးတဲ့ သိုးဖြူလေးမို့ ဘုရားသခင်အတွက်ဘဲ ဖြစ်စေရမယ်လို့ ပြောပါတယ်။ သိုးဖြူလို့ အဓိပ္ပါယ်ရတဲ့ ကရင်လို "စောသိုးဝါး" လို့ နာမည်ပေးခဲ့ပါတယ်။ အမိုး ကျွန်တော့်ကို ပြောခဲ့တဲ့ စကားတွေကို ကျွန်တော် မမေ့ဘူး၊ အမိုးရဲ့ ဆန္ဒအတိုင်း ပြည့်ဝအောင် ကျွန်တော် အမှုတော်ဆောင်ဘဲ လုပ်တော့မယ်" လို့ စာထဲမှာ ရေးထားပါတယ်။ အဲဒီနောက်ပိုင်းမှာ ငါ့မောင်လေးဟာ တကယ်ဘဲ အမှုတော်ဆောင် ဖြစ်သွားခဲ့ပါတယ်။ ငါ့မောင်

အပေါ်ထားရှိတဲ့ ငါ့အမေရဲ့ ဆန္ဒဟာ ငါ့အစ်ကိုကြီး အပေါ်မှာ ထားရှိခဲ့တဲ့ ဆန္ဒနဲ့ တစ်ထေရာ တည်းပါလားလို့ ငါမြင်ယောင်လာခဲ့ပါတယ်။

မကြာပါဘူး ငါ့အစ်ကိုကြီးလဲ ငါ့အမေ ဆုံးပါးသွားပြီးတဲ့ နောက်ပိုင်းမှာ အသက်တာ ပြောင်းလဲသွားပြီး မယုံနိုင်လောက်အောင် ဘုရားသခင်ရဲ့ အမှုတော်ဆောင် ဖြစ်သွားခဲ့ပါတယ်။ သားနှစ်ယောက်ရဲ့ မတူညီတဲ့ အနေအထား တွေကို တစ်ထေရာတည်း ဖြစ်သွားအောင် လုပ်နိုင်တာက ငါတို့ ကိုးကွယ်တဲ့ ဘုရားသခင် ငါ့သိုးထိန်းကြီး ဘဲ မဟုတ်ပါလား။ မိခင်တစ်ယောက်ရဲ့ ဆုတောင်းသံကို သိုးထိန်းကြီး အသိအမှတ် ပြုခဲ့တဲ့အပြင် "ငါ့သိုးတွေကို ငါပိုင်တယ်" လို့ ဆိုခဲ့ပါတယ်။ ခြံဝင်းထဲမှာ ရှိတဲ့ သိုးလေးဘဲဖြစ်ဖြစ်၊ ခြံအပြင်မှာ ရောက်နေတဲ့ သိုးလးဘဲ ဖြစ်ဖြစ်၊ သိုးဖြူ၊ သိုးမည်း၊ သိုးကွက်ကြား အားလုံးကို ငါ့သိုးထိန်းကြီးက အသက်စွန့်ပြီး ချစ်ခဲ့ရသူပါ။ လူသားချင်း ဆက်နွယ်နေတဲ့ မေတ္တာ တွေအကြားမှာ ငါ့သိုးထိန်းကြီးရဲ့ သစ္စာနဲ့ ကတိတွေဟာ ဆက်လက် လှုပ်ရှား နေတယ်ဆိုတာကို ငါသိခဲ့ရတယ်။

သတိနဲ့ ကြည့်ရှုနေတဲ့ သိုးထိန်းကြီးဟာ ငါ့အစ်ကို ငါ့မောင်လေးအပြင် စာရေးသူ ငါနဲ့ စာဖတ်သူ အားလုံးကို ပစ်မထားပါဘူး။ ငါ့အစ်ကိုကြီးဟာ လူဆိုး လူမိုက် လူရမ်းကားတွေ ပေါ်များတဲ့ ရွာလေးတစ်ရွာမှာ အမှုတော်ဆောင် ဖြစ်နေပြီ၊ ငါ့မောင်လေးကတော့ ခက်ခဲ ကြမ်းတမ်း မလွယ်ကူလှတဲ့ ဟိုင်းကြီးကျွန်း ဆိုတဲ့ နေရာလေး တစ်ခုမှာ သိုးဖြူလေး အဖြစ်နဲ့ အမှုတော်ဆောင် နေလေရဲ့။ (ဟာလေလုယာ) သူတို့နှစ်ဦးကို မွေးထုတ်ပေးလိုက်တဲ့ ငါ့အမေ ဟာလဲ ချမ်းသာ ကြွယ်ဝမှုများစွာနဲ့ ဘုရားသခင်ရဲ့ ရင်ခွင်မှာ စံမြန်းနေရပြီ။ ဤဖြစ်ရပ် မှန်ကို ဖတ်ရှုပြီး နောက်မှာ စာဖတ်သူများရဲ့ အသိုင်းအဝိုင်း မိသားစု ဆွေမျိုး သားချင်း တွေနဲ့ ကိုက်ညီမယ်ဆိုရင် သိုး အားလုံးကို ပိုင်ဆိုင်နေတဲ့ သိုးထိန်းကြီး ( သခင်ယေရှု ခရစ်တော်) ကို အံ့ဩဘွယ်ရာ ချီးမွမ်းစရာ လုပ်ဆောင်ချက်တွေကို တွေ့မြင်ခံစားရနိုင်ကြပါစေ။ ငါတို့ကို ဖျက်ဆီးဖို့ ချောင်းမြောင်းနေတဲ့ စာတန်ရဲ့ လုပ်ရပ်တွေဟာ အမြဲရှုံးနိမ့်ပြီး ခရစ်တော်ရဲ့ အောင်မြင်မှုတွေသာ အလုံထုနေ ကြောင်း ကြွေးကြော်ကြရအောင်၊ ဘုရားသခင်ဟာ ခရစ်တော်အားဖြင့် ငါတို့ကို သန့်ရှင်းသူများ အဖြစ် သူ့အတွက် ရွေးချယ်ထားခြင်း ဖြစ်ကြောင်း အတည့်အလင်း ပြောခဲ့ပါတယ်။ ငါ့အစ်ကိုလို သားဆိုးမျိုးကို မွေးထုတ်ထားတဲ့ မိခင်တွေလဲ မျှော်လင့်ချက် မပျက်မသွားဖို့နဲ့ ငါ့မောင်လေးလို သားမျိုးကို ပိုင်ဆိုင်ထားရင်လဲ ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပြီး ကျေးဇူးတင်လိုက်ပါ။ သိုးထိန်းကြီးရဲ့ ထိန်းကျောင်းမှု အောက်မှာ လုံခြုံအေးချမ်းစွာ အသက်ရှင်လုပ်ကိုင် စားသောက် နေနိုင်ကြပါစေလို့ တိုက်တွန်း သက်သေခံ လိုက်ပါတယ်။ ။ အခြေပြုကျမ်း တရားဟော ၇း၆၊ ယော ၁၀း ၁၄–၁၆၊ (ဝန်ခံချက်။ ကောင်းကင်ဘုံရောက် မြန်နှစ်မြောက် မိခင်ကြီးအား အမှတ်တရ) **ဆူးရင့်ခ်စိမ်း (ခေတ္တ ကမ္ဘာ့မြေ)**

---

## *** နှင်းဝေရင်ခွင် *** သမီးငယ် (ပန်းတနော်)

အေးစိမ့်နေသော ဆောင်းရာသီ မနက်ခင်းအား လေပြေညှင်းတို့က ဝိုင်းဝန်းဖေးမရင်း ဆောင်း၏အရသာကို ပိုပြီးပီပြင်စေနေသည်။ တစ်ခါ တစ်ရံ အရှိန် ရလာသော လေညှင်းက သစ်ခက်ဝါးရွက်တို့ကို ပြင်းပြင်း ရိုက်ခတ်နေသည်။ သည်လို လေသံ၊ သစ်ရွက်သစ်ခက် ဝါးရွက်တို့ တေးသံ ကြားတွင်တော့ 'တုံး× တုံး× တုံး× ' ဆိုသောရွာထိပ်မှ အုန်းမောင်းခေါက်သံက အသာအယာ လွင့်ပျံ့လာသည်။

သည်အချိန်ရောက်တိုင်း ဆက်ပြီး အိပ်၍မရတော့သည်မှာ ခင်ပွန်းသည် ဆုံးပြီး ကတည်းကပင်။ ဒေါ်ဝေဝေ တယောက် အိပ်ရာမှ အသာအယာ ထကာ နံနက်ဝတ်ပြုလျှက်နေ၏။ ရင်တွင်း မှ သားသမီးများအား လွမ်းဆွတ်မှု၊ ခင်ပွန်းသည်အား တမ်းတကိုတော့ ဘုရား ရှင် တစ်ပါးတည်းသာ ဖြေသိမ့်နိုင်သည်မို့ ဝတ်ပြုပြီးလျှင် ခင်ပွန်းသည် အုတ်ဂူ ရှိရာသို့ လမ်းလျှောက်ရင်း နံနက်တိုင်း လိုလို ရောက်နေတတ်သည် မှာလည်း သူမ၏ လုပ်စဉ် ဝလေ့ဖြစ်နေပြီ။ ရင်ထဲမှာ စူးရှစွာ သမီးငယ်လေး ကို သတိရမိသည်။ သူမနှင့်အတူ ခုလို အေးစိမ့်နေသောလေပြေ အကြား အတူလက်တွဲကာ ဖခင်အုတ်ဂူဆီသို့ သွားခဲ့ဘူးသည်။ 'သမီးလေးကော သတိရ သေးရဲ့လားဟု' သူမ ရင်တွင်းမှ ထပ်ကာထပ်ကာ မေးမိပြန်ပါသည်။ တစ်ကိုယ်တည်း လမ်းလျှောက်ရင်း အတွေးနယ်တို့က အတိတ် တစ်နေရာ ဆီသို့ – – – ။

'ရှွမ်း ရှွမ်းရှွမ်း' မြည်သံများကြောင့် ဒေါ်ဝေဝေ ဖျတ်ကနဲ နိုးသွားပြီး အိပ်ရာမှ အသာအယာ ထကာ ဘေးဘီဝဲယာ ကြည့်မိတော့ အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် လက်ဖက်ရည်ကြမ်း ထိုင်သောက်နေသော ခင်ပွန်းသည်နှင့် ဆောင်းလေနှင့်အတူ ကြွေကျလာသော သစ်ရွက်ဝါးရွက်များကို လှဲကျင်း နေသော သမီးငယ်တို့ကို တွေ့လိုက်ရသည်။ ဒေါ်ဝေဝေ ထမင်းကြော် ကြော်အပြီး သားအမိ သားအဖ သုံးယောက် ငါးရံ့ခြောက်ဖုတ် ဆီဆမ်းနှင့် အတူတကွ မနက်စာ စားကြစမြဲပင်။ "ပါးပါး သမီးကို ကြယ် လုပ်ပေးလေ၊ ခရစ်စမတ် ရောက်တော့မယ်" ဟုသမီးငယ်က ဆိုလာသည်။ သမီးငယ်က ဇွတ်နဲ ကျောင်းသူလေးဖြစ်သည်။ သား အဖ နှစ်ယောက် ဆီစိမ်စက္ကူများနှင့် ကြယ်အနီရောင် တစ်လုံး၊ အစိမ်းရောင်တစ်လုံး လုပ်နေပုံကို မီးဖိုချောင်ထဲမှ အသာ လှမ်းကြည့်ရင်း ဒေါ်ဝေဝေ ကြည်နူးစွာ ပြုံးလိုက်မိသည်။

ဒေါ်ဝေဝေနှင့် ဦးကျော်ကျော်တို့မှာ သားသမီးရတနာ ၄ဦး ထွန်းကား ခဲ့သည်။ သားကြီးကား အင်ဂျင်နီယာ အလုပ်နှင့် ရန်ကုန်တွင် အလုပ်လုပ်နေ၏။ ဒုတိယ သမီးကြီးမှာတော့ ရန်ကုန်တွင် ဓမ္မတက္ကသိုလ် ဆည်းပူးလျှက်ရှိသည်။ ယခုလက်ရှိ နှီးညှာကောင် သားငယ်နှင့် အငယ်ဆုံး သမီးငယ်တို့က သူမတို့နှင့်အတူ နေထိုင်လျှက်ရှိသည်။ ပြောမည်သာ ပြောရသည်။ သားငယ်က တစ်ခါမှ အိမ် မကပ်။ ထို့ကြောင့် သားအမိ သားအဖ သုံးယောက်သာ အိမ်တွင် အမြဲလိုလို အနေ များတတ်၏။ အိမ်ဘေးမှ 'ဟေ့ ပူးဒူရေ' ဟု ခေါ်လိုက်သော ဖထီး တစ်ယောက် ၏ ခေါ်သံကြောင့် ဒေါ်ဝေဝေ တစ်ယောက် အသာ ထွက်ကြည့်လိုက်သည်။ "ပူးဒူရေ ဒီနေ့ဖူဖူတို့ ခရစ်ယာန် သချိုင်းမှာ စုပေါင်းအောက်မေ့ဖွယ် ဖရောင်းတိုင် မီးထွန်းပြီး ဝတ်ပြုကြမယ် လိုက်အုံးမလား" ဟု သမီးငယ်အား ခေါ်နေသည်။

ဖခင်နှင့် ကြယ် လုပ်နေရာမှ စိတ်အားထက်သန်စွာနှင့် "ပါးပါးရေ သမီး လိုက်သွားဦးမယ်၊ ပါးပါးကော လိုက်ခဲ့ပါလား" ဟု သမီးငယ်က ဖခင်ကို တဖန် ပြန်လည် ခေါ်နေပြန်သည်။ "မလိုက်တော့ပါဘူးကွာ၊ နောက်နှစ်မှဘဲ သွားတော့မယ်" ဟု ခင်ပွန်းသည်၏ ပြန်ဖြေသံကို ဒေါ်ဝေဝေ ကြားလိုက်၏။ မကြာမီ မှာပင် ခင်ပွန်းသည် ရုတ်တရက် ဦးနှောက်သွေးကြော ပြတ်ကာ ကောင်းကင်ဘုံသို့ ဘုန်းတော် ဝင်စားခဲ့ပါသည်။

"ဒေါ်လေးဝေ၊ ဒေါ်လေးဝေ ဘာတွေ တွေးနေတာတုံး၊ ကောက်ညှင်းပေါင်းလေး ဝယ်ပါဦးလား" ဟုလမ်းလျှောက်ရင်း တွေ့နေကျ ဈေးသည် မညို၏ စကားသံကြားရမှ "ဩော် အေး အေး" ဟုဖြေရင်း အတွေးနယ်တို့မှ လန့်နိုး ခဲ့တော့သည်။ ကောက်ညှင်းပေါင်း ထုပ်လေးကို အသာ လှမ်းယူလိုက်စဉ် ရင်ထဲ မှ ကောက်ညှင်းပေါင်း ကြိုက်သော သားကြီးနှင့် သမီးကြီး တို့ကို သတိရမိ ပြန်သည်။ ဘေးဘီကြည့်လိုက်တော့ သချိုင်းကုန်းပင် ရောက်လုပြီ။ အဝေးမှ ပင် ခင်ပွန်းသည်၏ အုတ်ဂူဖြူဖြူလေးအား လှမ်းကြည့်ရင်း အိမ်အပြန်လမ်း ကို လှည့်ပြန်ခဲ့မိသည်။ ယခုဆိုလျှင် အိမ်တစ်ခါမှ မကပ် တတ်သော သားငယ် နှင့် သူမ သာလျှင် အိမ်တွင်ကျန်တော့သည်။



သားကြီးက အိမ်ထောင်ကျပြီး အဝေး တစ်နေရာ တွင် သွားရောက် နေထိုင်နေသည်။ သမီးကြီး နှင့် သမီးငယ် တို့လည်း ခင်ပွန်းသည်၏ ညီမ မိသားစု ကူညီမှုဖြင့် ပြည်ပတွင် ပညာ ရပ်များ သင်ယူလျှက် ရှိနေသည်။

သူမ အနားမှာ အမြဲရှိနေတတ်သော သမီးငယ် ကိုပိုပြီး လွမ်းမိသည်။ ဖခင်နှင့်အတူ ရယ်မောပျော်ရွှင်နေတတ်သော သမီးငယ်နှင့် ခင်ပွန်းသည်၏ ပုံရိပ်များက ဒေါ်ဝေဝေ၏ လွမ်းဆွတ်တမ်းတမှုတို့ကို ထပ်မံ၍တိုး ရစ်ပတ် နေတော့သည်။ သူမ အိမ် ခြံဝင်းထဲအဝင် သစ်ရွက်ခြောက် ဝါးရွက်ခြောက် အကြွေ တို့က ယခင်က လှဲကျင်းခဲ့ပေးဘူးသူကို ကြိုနေသယောင်၊ အိမ်ရှေ့တွင် ချိတ်ဆွဲ ထားသော ကြယ်နီနှင့် ကြယ်စိမ်း အဟောင်းကြီးက ခင်ပွန်းသည်နှင့် သမီးငယ် တို့ကို မျှော်လင့်နေသယောင်၊ ဒေါ်ဝေဝေတစ်ယောက် ပါးပြင်ပေါ် စီးကျလာသော မျက်ရည်များကို အသာအယာ သုတ်ရင်း ဖိနပ်ချွတ် နံဘေး တွင် ထောင်ထားသော တံမြက်စည်းရှည်ကြီးအား လှမ်းယူကာ တမ်းတ မှု၊ အထီးကျန်မှု များစွာနှင့် စည်းချက်မှန်မှန် သစ်ရွက်ဝါးရွက်ခြောက်များကို လှဲကျင်းရင်း – – – ။ ။

**သမီးငယ် (ပန်းတနော်)** (အထီးကျန်နေသော အဝေးတစ်နေရာမှ မိခင်အား ခံစားရေးဖွဲ့ထားပါသည်။)

---

## သက်သေခံချက်(၁) မီးမီး(လှည်းဆိပ်)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ခံစားရတဲ့ ကောင်းကြီး မင်္ဂလာများထဲမှ အနည်းငယ်ကို သက်သေခံချင်ပါတယ်။ ကျွန်မ စင်ကာပူကို ၁၉၉၉မှာ ရောက်ရှိပါတယ်။ စင်ကာပူရောက်ပြီး ၂နှစ်အကြာမှာ အစာအိမ်ရောဂါ ခံစားရပါတယ်။ စင်ကာပူနိုင်ငံက General Hospital မှာ ဆေးကုသမှု ခံယူခဲ့ပါတယ်။ ဆရာဝန်ကြီးက အစာအိမ်မှာ ကင်ဆာပိုး ဆိုလား၊ ကျွန်မကို ရှင်းပြပါတယ်။ ကျွန်မက အင်္ဂလိပ်လို နားမလည်တော့ "ကင်ဆာ"လို့ ကြားလိုက်တာနဲ့ အရမ်းကို ကြောက်ရွံ့တုန်လှုပ်ခဲ့ပါတယ်။

ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်မရဲ့ အဖွားက အစာအိမ်ရောဂါနဲ့ ဆုံးသွားတာ ဆိုတော့ ကျွန်မ အရမ်းကြောက်မိတာ အမှန်ပါဘဲ။ ဒီဝေဒနာမျိုး မခံစား ရပါစေနဲ့လို့ ကျွန်မ ဆုတောင်း မပြည့်ခဲ့ပါဘူး။

နှဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမှ ကျွန်မ မျက်ရည် ကျရပါတယ်။ မြန်မာပြည်မှာ ရှိနေတဲ့ အမိုးနဲ့ အပါးကို ရင်ဖွင့်ပြီး ကျွန်မ ငိုမိတာ အခါခါပါဘဲ။ အမိုးနဲ့ အပါးက အားပေးပါတယ်။ အမိုး အပါးနဲ့ ဆရာဝန်ကြီးကလဲ စိတ်ဓါတ် မကျဖို့ ဆေးမှန်မှန်သောက်ဖို့ အစားအသောက်ကို ကရုစိုက်ပေးဖို့ အကြိမ်ကြိမ် သတိပေး ပါတယ်။ ဆေးတွေ သောက်ပေမဲ့ ကျွန်မ ဗိုက်ထဲက နာကျင်မှုကတော့ ပျောက်မသွားပါဘူး။ ကျွန်မ စိတ်ဓါတ် အရမ်း ကျမိပါတယ်။ ကျွန်မ သူငယ်ချင်း တွေက သေရင် ကိုယ့်မိဘ ဆီမှာ ပြန်သေတဲ့၊ စင်ကာပူမှာ သေရင် အသုဘစရိတ် မလွယ်ဘူးတဲ့၊ ကျွန်မ ချစ်သူကလဲ ပြန်နားစေချင်ပါတယ်။ ကျွန်မရဲ့ မိခင်ကတော့ ဖျောင်းဖျပါတယ်။ သမီး ခံစားနေရတဲ့ ဝေဒနာကို အင်္ဂလိပ်ဆေးနဲ့ မရရင် ဗမာဆေး နဲ့ ကုကြည့်မယ်တဲ့၊ အပါး ကတော့ သင်းထောက်လူကြီး ဆိုတော့ သမီးရေ ဘုရားသခင်က အနာရောဂါအားလုံးကို ပျောက်ကင်းစေတဲ့ ဘုရား ဖြစ်တယ်။ သမီး ယုံကြည်ခြင်းအပြည့်နဲ့ ဆုတောင်းဖို့ ခွန်အားပေးပါတယ်။

အပါးနဲ့ အမိုး စကားကို နားထောင်ပြီး မြန်မာပြည်က လာတဲ့ အစာအိမ် ဆေးကို သောက်သလို ဘုရားကိုလဲ စိတ်ထဲမှာ အာရုံပြုပြီး ဆုတောင်း ပါတယ်။ ကျွန်မ ဘယ်လို ဆုတောင်းသလဲ ဆိုတော့ ဒီနာကျင်ခြင်း ဝေဒနာမှ သက်သာပျောက်ကင်းခဲ့ရင် ဘုရားသခင် ကောင်းမြတ်ကြောင်း ကျွန်မ သက်သေခံ ဝေငှပါ့မယ်လို့ ဘုရားသခင်ကို ကတိပေးခဲ့ပါတယ်။ ကျွန်မ စောစော မသေချင်သေးဘူး။ မိဘကျေးဇူးကို ဆပ်ချင်သေးတယ်။။ ကျွန်မ အရင်တုံးကဆိုရင် သိပ် သေချင်တာဘဲလို့ ညည်းတွားမိတယ်။ တကာယ်တမ်း သေရမဲ့ ရောဂါမျိုး ရလာတော့ ကျွန်မ သေရမှာကို ကြောက်လာခဲ့မိတယ်။ ကျွန်မ အတွက် မိဘ မောင်နှမတွေ အားလုံး ဝိုင်းဆုတောင်းပေးကြတယ်။ အသင်းတော်တွေကလဲ ဆုတောင်း ပေးကြတယ်။

ကျွန်မတို့ အားလုံးရဲ့ ဆုတောင်းသံကို ဘုရားသခင် နားညောင်းခဲ့ပါတယ်။ ကျွန်မရဲ့ ရောဂါ သက်သာ ပျောက်ကင်းခဲ့ပါတယ်။ ရောဂါ ပျောက်သွားတော့ ဘုရားသခင်ကို ပေးထားတဲ့ ကတိကို ကျွန်မ မေ့သွားခဲ့ပါတယ်။ ကျွန်မ စင်ကာပူ မှာဘဲ ဆက်လက်အလုပ်လုပ်ကိုင်ခဲ့ပြီး နောက်ထပ် ၂နှစ် အကြာမှာ ဒုတိယ အကြိမ်မြောက် ရောဂါ ပြန်ခံစားရပါတယ်။ ရောဂါပျောက်ပြီး အထင်နဲ့ ကျွန်မ ကြိုက်တဲ့ အချဉ်၊ အစပ်၊ ကောက်ညှင်း၊ ကော်ဖီ အားလုံးကို ကျွန်မ ပြန်စားခဲ့လို့ ပါဘဲ။ ကျွန်မရဲ့ အစာအိမ်က အရမ်းနု နေပါတယ်။ အစားအစာ ဆင်ခြင်ပြီး ပြန် စားရတော့ ကျွန်မ အရမ်း စိတ်ညစ်ပါတယ်။ ကျွန်မက ဘာဘဲ ဖြစ်ဖြစ် *Don't care* သမား ဆိုတော့ ဒီတစ်ခါ ကျွန်မ ပိုပြီး ထိပါတော့တယ်။ ဗိုက်ကို လုံးဝ အထိ မခံတော့တဲ့ အထိ နာကျင်စွာ ခံစားရပါတယ်။ နောင်တလဲ ရမိပါတယ်။ ဘုရားကိုပေးထားတဲ့ ကတိ မတည်တဲ့အတွက် ဒဏ်ခတ်ခံ ရတယ်လို့ ခံစား ထင်မြင်မိပါတယ်။ ဆေးပြန်သောက်ပြီး ကျွန်မ ဘုရားသခင်ကို ပြန်ဆက်ကပ် ခဲ့ပါတယ်။ ဒီတစ်ခါ ကတိတည်ပါ့မယ်လို့လဲ ဘုရားသခင်ကို ကတိ ပြန်ပေးမိ ပါတယ်။ ကျေးဇူးတော်ကြောင့် အခုဆိုရင် ကျွန်မ အစာအိမ်ရောဂါ ပြန်ပြီး သက်သာခွင့် ရခဲ့ပြန်ပါတယ်။ အရင်ကလောက် မစားနိုင်ခဲ့ပေမဲ့ ကျွန်မ ကြိုက်တဲ့ အစားအစာ တွေကို ပြန်စားနိုင်ခဲ့ပါတယ်။

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အကြိမ်ကြိမ် ချီးမွမ်းမိပါတယ်။ စင်ကာပူ ရောက်ခါစက အရမ်းပိန်ပေမဲ့ အစာအိမ်ရောဂါ ပျောက်ပြီး တဖြည်းဖြည်း ပြန် ဝ လာပါတယ်။ သူငယ်ချင်းနဲ့ ဆွေမျိုး ညီအစ်ကို မောင်နှမတွေက ဘာဆေး စားပြီး ဝ လာတာလဲ လို့ဝိုင်းမေးကြတဲ့ အထိပါဘဲ။ ကျွန်မ ဘာအားဆေးမှ မစားပါဘူး၊ ဘုရားရှင် ပေးထားတဲ့ ကာယ ခွန်အား၊ ဝိညာဉ်ခွန်အား ဆေးတွေ သောက်လို့ ဝ လာတာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာ ရှိတဲ့ မိတ်ဆွေများ ကိုလဲ အားပေးချင်ပါတယ်။ ကျန်းမာရေး မကောင်းလို့ စိတ်ဓါတ် မကျပါနဲ့။ အိမ်ရှင် (အလုပ်ရှင်) မကောင်းလို့ စိတ်ဓါတ် မကျပါနဲ့။ လုပ်ငန်းခွင် အဆင် မပြေလို့ စိတ်ဓါတ် မကျပါနဲ့ ကျွန်မတို့ ရဲ့ အသက်ရှင်တဲ့ ဘုရားဟာ အရာခပ်သိမ်းကို တတ်နိုင်တဲ့ ဘုရားဖြစ်ကြောင်း အနည်းငယ် သက်သေခံ ဝေငှလိုက်ပါတယ်။ အယောက်စီ တိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။

**မီးမီး (လှည်းဆိပ်)**

ဆာလံ ၂၈း၇။ ငါ တောင်းလျှောက်သော အသံကို နားထောင်တော်မူပြီ။ ထာဝရ ဘုရားသည် ငါ၏ ခွန်အား ဗလ၊ ငါ၏ အကွယ်အကာ ဖြစ်တော်မူ၏။ ငါ့နှလုံးသည် ထို ဘုရားကို ကိုးစား၍ ငါ့ကို စောင့်မတော်မူသောကြောင့် ငါ့နှလုံးသည် ရွှင်လန်းလျက်ရှိ၏၊ သီချင်းဆိုလျက် ဂုဏ်တော်ကို ငါချီးမွမ်းမည်။

## သက်သေခံချက် ဖလမ်းမ (Mawi)

အားမလျော့ဘဲနှင့် တောင်းကြလော့။ ရလိမ့်မည်၊ လုကာ ၁၁း၅–၁၃

ကျွန်မ စင်ကာပူ မလာခင်မှာ သူများတွေက ဘာပြောကြသလဲဆိုရင် စင်ကာပူဟာ မိန်းကလေးတွေအတွက် မကောင်းဘူးတဲ့ လာဖူးတဲ့ တချို့ အစ်မ တွေက ပြောကြတယ်၊ အလုပ် အရမ်း ပင်ပန်းတယ်၊ စိတ်ဆင်းရဲ ရတယ်။ ဒုက္ခ အမျိုးမျိုးနဲ့ ကြုံတွေ့ရတယ်။ ကျွန်မကို အသက်လဲ ငယ်သေးတယ် မသွားနဲ့လို့ ပြောကြပါတယ်။ ကျွန်မရဲ့ ဆရာက ကျွန်မကို ဘာပြောဖူးသလဲဆိုရင် "လက်တွေ့ ဘာမှ မလုပ်သေးဘဲနဲ့၊ တွေးကြောက်နေတာဟာ၊ ပြဿနာကို ဟန့်တားနေတာ မဟုတ်ဘူး။ ဘဝကို အရှုံးပေး နေတာနဲ့ အတူတူဘဲ" လို့ပြောဖူးပါတယ်။ အဲ့ သူများတွေ ပြောတဲ့ စကားကို ကြောက်ပြီး ကျွန်မ မသွားဘဲနေတယ်ဆိုရင် ကျွန်မရဲ့ ဘဝကို အရှုံးပေးနေတာနဲ့ အတူတူဘဲ လို့ စဉ်းစားမိတယ်။ အဲဒါကြောင့် ကျွန်မ ဘာဘဲ ဖြစ်ဖြစ် အခက်အခဲတွေနဲ့ တွေ့ကြုံရမယ် ဆိုရင်လဲ ကျော်လွှားနိုင်ဖို့ ဘုရားရှင်ထံတော်မှာ ဒူးထောက်ပြီးတော့ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း အပြည့်နဲ့ ကျွန်မ ဆုတောင်းဆက်ကပ်ခဲ့ပါတယ်။ ကျွန်မရဲ့ ဆုတောင်းချက်တွေကတော့ – အလုပ်ရှင် သူဌေးဟာ ယုံကြည်သူ ခရစ်ယာန် ဖြစ်ရမယ်။ တစ်လတစ်ခါ အပြင် ထွက်ခွင့်၊ ဘုရားကျောင်း သွားခွင့် ပေးရမယ်။ ကျွန်မ အပေါ်မှာ အစစအရာရာ အားလုံး ကောင်းဖို့ ဆုတောင်း ခံခဲ့ပါတယ်။

ကျွန်မ ဆုတောင်းသံကို ဘုရားသခင်က နားညောင်းတော်မူပါတယ်။ စင်ကာပူ ရောက်တော့ ကျွန်မ ဆုတောင်းချက် အားလုံးရခဲ့ပါတယ်။ အဲဒီနောက် ၈လ လောက်ကြာပြီးမှ ကျွန်မဟာ မြန်မာပြည်မှာတုံးက ဘုရားကျောင်း အမြဲတမ်း သွားတဲ့သူ ဆိုတော့ ဘုရားကျောင်းကို အမြဲတမ်း သတိရမိပါတယ်။ တနင်္ဂနွေနေ့ ရောက်တိုင်း ဘုရားကျောင်းသွားချင်တယ်။ ဒါပေမဲ့ သွားခွင့် မရှိခဲ့ဘူး၊ တနင်္ဂနွေနေ့ ရောက်တိုင်း အမြဲတမ်း ငိုနေမိတယ်။ နောက်ပိုင်း ကျွန်မ ပြန်စဉ်းစားမိတယ်၊ ဒီလို အမြဲတမ်း ငိုနေရင် ဘာမှ မထူးဘူး၊ ဒါကြောင့် ကျမ်းစာဖတ်၊ ဆုတောင်း သီချင်း ဆိုတယ်၊ တစ်လကို နှစ်ခါ ဘုရားကျောင်း သွားနိုင်ဖို့ ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင် မလုပ်ပေးနိုင်တဲ့ အရာ မရှိပါဘူး။ ဒ့ါကြောင့် ကျွန်တော် ကျွန်မတို့ အခက်အခဲ တွေ့တဲ့ အခါမှာ အားမလျော့ဘဲ ဘုရားသခင်ရဲ့ အလိုတော်နဲ့အညီ ဆုတောင်းကြရအောင်။ ဆုတောင်းတိုင်းလဲ ချက်ခြင်းရမှာ မဟုတ်ပါဘူး၊ ဘုရားသခင် အလိုတော်နဲ့ အညီ အချိန်တန်တဲ့အခါမှသာ ရရှိမှာ ဖြစ်ပါတယ်။

ကျမ်းပိုဒ်လေး တစ်ချက်က ဘာပြောထားသလဲဆိုရင် **သုတ္တံ ၃း၁၂ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏၊ နှစ်သက်တော်မူသော သားကို ဒဏ်ခတ်တော်မူတတ်၏။** လို့ ရေးထားပါတယ်။ ဒီကျမ်းစာလေးကို ဖတ်ပြီး ကျွန်မ အရမ်းဘဲ ခွန်အားရမိပါတယ်။ ကျွန်မဟာ အစတုံးက ဆို ည ၁၂နာရီ လောက်မှ အလုပ်ပြီးတယ်။ နောက်ကျမှ အိပ်ရပေမဲ့လဲ ကျွန်မဟာ အားမလျော့ဘဲ နဲ့ အမြဲတမ်း ကျမ်းစာဖတ်၊ ဆုတောင်းပြီးမှ အိပ်တယ်။ နောက်ပိုင်းမှာ ကျွန်မရဲ့ အိမ်ရှင်တွေဟာ စိတ်ပြောင်းသွားခဲ့ပါတယ်။ တစ်လကို နှစ်ခါ ဘုရားကျောင်း သွားခွင့် ပေးခဲ့ပါတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုရင် ဘုရားသခင်ရဲ့ကျေးဇူးတော် ကြောင့် အားမလျော့ဘဲနဲ့ ဆုတောင်းခဲ့တဲ့ အဖြေတွေဘဲ ဖြစ်ပါတယ်။

အခက်အခဲ ပြဿနာတွေ မရှိဘူးဆိုရင် ဘဝ ဆိုတာလဲ အဓိပ္ပါယ်ရှိမှာ မဟုတ်ပါဘူး။ ကျမ်းစာဖတ် ဆုတောင်းခြင်းဖြင့် ဘယ်အခက်အခဲ မဆို ရဲရဲ တင်းတင်းနဲ့ ဘုရားရှင်ရဲ့ ခွန်အားနဲ့ ရှေ့ဆက် လျှောက်လှမ်းကြရအောင် လို့ ချစ်သော ညီအစ်ကို မောင်နှမများကို တိုက်တွန်းရေးသားလိုက်ပါတယ်။

**ယောရှု ၁း၉။ သင့်ကို ငါမှာထားသည် မဟုတ်သလော၊ အားယူ၍ ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်၊ စိတ်မပျက်နှင့်၊ သွားလေရာရာ၌ သင်၏ ဘုရားသခင် ထာဝရ ဘုရား ရှိသည်ဟု မိန့်တော်မူ၏။** ။ **ဖလမ်းမ (Mawi)**

---

## ထမြောက်ခြင်းအရှင်သခင်ယေရှုခရစ်တော် (ခန်ခရူး)

"အသက်ရှင်သော သူလည်းဖြစ်၏။ ငါသည် အရင်သေသည် ဖြစ်၍၊ ကမ္ဘာ အဆက်ဆက် အသက်နှင့်ပြည့်စုံ၏"(ဗျာ၊၁း၁၈)

ချစ်စွာသောမိတ်ဆွေ၊ သင်သည် ချစ်ခင်ရသူတဦး၏ သင်္ချိုင်းတွင်း အနား ရပ်နေခဲ့ဘူးပါသလား။ သင်၏ အလွန်မြတ်နိုး ချစ်ခင်ရသူ၏ ကိုယ် ခန္ဓာကို မြေသို့ချနေစဉ် ကြည့်ရှုလျက် အလွန် ဝမ်းနည်းခဲ့ရပါသလား။ သို့ဖြစ် သော် သေခြင်းသည် ကြောက်ဖွယ်သော ရန်သူဖြစ်ကြောင်း သင်သည် နား လည်ရပြီး။ ကျွန်ုပ်တို့ မသေမီ ကျွန်ုပ်တို့အတွက် သခင်ယေရှု ချီဆောင် ခြင်းငှါ ကြွလာခဲ့ခြင်း မရှိခဲ့ သေးလျှင် ကျွန်ုပ်တို့ အယောက်စီတိုင်း သေခြင်း ကို ဖြတ်သန်းရပေလိမ့်မည်။ ကျမ်းစာက"လူသည် တခါတည်း သေ၍..." ဟုဆိုသည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ကယ်တင်ရှင် အဖြစ် ယုံကြည် ကိုးစားပြီးခဲ့သော် သေခြင်းကို ကျွန်ုပ်တို့ ကြောက်စရာ မလိုတော့ပါ။ ဤ ရန်သူ သေခြင်းကို ယေရှုခရစ်တော်သည် အောင်နိုင်ခဲ့သောကြောင့်ဖြစ်၏။ ကျမ်းစာက ဆိုသည်မှာ သူသည် သေခြင်း၏တန်ခိုးကို ချိုးဖျက်ခဲ့ပြီ၊ ဧဝံဂေလိ သတင်းအားဖြင့် ထာဝရအသက်ကို ကျွန်ုပ်တို့ထံ ယူဆောင်လာခဲ့၏။

"ဧဝံဂေလိ" ဟူသော စကား၏ အဓိပ္ပါယ်မှာ "သတင်းကောင်း"ဖြစ်ပြီး တမန်တော် ပေါလုက ဘယ်ကဲ့သို့သော သတင်းကောင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ပြောခဲ့၏။ ပေါလုက **"ညီအစ်ကိုတို့၊ ငါသည် သင်တို့အား ဟောပြော ဘူးသည်နှင့်အညီ၊ သင်တို့သည် ခံယူ၍ မှီဝဲဆည်းကပ်သော ဧဝံ ဂေလိ တရားကို သင်တို့အား တဖန် ငါကြားလိုက်၏။ ငါသည် ကိုယ်တိုင် ခံယူသည့် အတိုင်း . . ခရစ် တော်သည် ကျမ်းစာလာသည့်အတိုင်း ငါတို့ အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာ သည့်အတိုင်း သုံးရက် မြောက် သောနေ့၌ ထမြောက်တော်မူ၏။"**ဟုဆို၏။ (၁ကော၊ ၁၅း ၁,၃,၄)



ဤကျမ်းပိုဒ်မှ သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားသည် ကြီးစွာသော သမ္မာ တရား နှစ်ချက်အပေါ် တည်နေကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။
(၁) ခရစ်တော် ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံ၏။
(၂) ခရစ်တော် သေခြင်းမှ ထမြောက်ခဲ့၏။

ကျမ်းစာက ကျွန်ုပ်တို့အား ဘုရားသခင်သည် အချို့သောလူများကို သေခြင်းမှ ထမြောက်ခဲ့ကြောင်း အမှန်ဖြစ်ရပ်များကို ပြောပါ၏။ မည်သို့ပင် ဖြစ်စေ ဖြစ်ပျက်မှုတိုင်း၌ ဤလူများသည် နောက်ပိုင်းတွင် သေခဲ့ကြ၏။ သို့သော် သခင်ယေရှုမှုကား ထိုကဲ့ သို့မဟုတ်ပါ။ သူသည် သင်္ချိုင်းမှ ထမြောက် ခဲ့ပြီး၊ နောက်တဖန် ဘယ်သောအခါမျှ မသေတော့ပါ။ ယေရှုသည် သူ၏ ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို ကြိုတင်၍ပြောခဲ့၏။

သခင်ယေရှုက တပည့်တော်များအား ပြောခဲ့သည်မှာ သူသည် ဒုက္ခ ဆင်းရဲခြင်းကို ခံရမည်၊ အသေသတ်ခြင်းကို ခံရမည်၊ ထိုမှ သုံးရက်မြောက် တွင် နောက်တဖန် ထမြောက်လိမ့်မည်။ ယေရှုက**" ခဏကြာပြီးမှ သင်တို့သည် ငါ့ကို မမြင်ရကြ။ တဖန်ခဏကြာပြီးမှ ငါ့ကို မြင်ပြန်ကြလိမ့်မည် (သူသည် တဖန် ထမြောက်လိမ့်မည် ဖြစ်သောကြောင့်)။ အကြောင်းမူကားငါသည် ခမည်းတော် ထံသို့ သွားမည်ဟု -- ငါ အမှန်အကန် ဆိုသည်ကား၊ သင်တို့ သည် ငိုကြွေး မြည်တမ်းခြင်း ရှိကြလိမ့်မည်။ လောကီသားတို့ သည် ဝမ်းမြောက်ခြင်း ရှိကြလိမ့်မည်။ သင်တို့မူကား ဝမ်းနည်းခြင်း ရှိသော်လည်း၊ ထိုဝမ်းနည်းခြင်းသည် တဖန် ဝမ်းမြောက်ခြင်း ဖြစ်လိမ့်မည်။"**ဟု ဆို၏။ (ယော၊ ၁၆း၁၆-၂၀)

ဂျူး များစွာက ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို မယုံကြည်ကြပါ။ သူတို့သည် ယေရှုကို မုန်းကြပြီး၊ သူ့ကိုသတ်ရန် အလိုရှိ၏။ ဖြစ်ရပ်တစ်ခု၌ သူတို့က ယေရှုကို သူသည် ဘုရားသခင်၏သားတော် အစစ်အမှန် ဖြစ်ကြောင်းကို နိမိတ် လက္ခဏာဖြင့် ပြရန် ပြောဆိုကြ၏။

ယေရှုက သူတို့ကို ပရောဖက်ယောန၏ နိမိတ်လက္ခဏာ တစ်ခုကို ပြမည် ဖြစ်ကြောင်းကိုပြော၏။ ယေရှုက**" ယောနသည် ငါးကြီး ဝမ်းထဲမှာ သုံးရက် နေရ သကဲ့သို့၊ လူသားသည်မြေ ကြီးထဲမှာ သုံးရက်နေရလတ့်။"**ဟု ဆို၏။(မ၁၂း၄၀)

ယေရှုသည် ဘာကိုဆိုလိုပါသနည်း။ ယောနသည် ငါးကြီး၏ ဝမ်း အတွင်း သုံးရက်နှင့် သုံးည နေခဲ့ရသကဲ့သို့ သူသည်လည်း သင်္ချိုင်းတွင် သုံးနေ့နှင့် သုံးည နေမည်ဖြစ်ကြောင်း ပြောခဲ့၏။ ထိုနောက် သူသည် တဖန် ထမြောက်လိမ့်မည်။ သူ၏ရှင်ပြန်ထမြောက်ခြင်းက သူသည် ဘုရားသခင်၏ သားစစ် ဖြစ်ကြောင်း နိမိတ်လက္ခဏာသက်သေ ဖြစ်လိမ့်မည်။

*ယေရှု ကါးတိုင်ထက်တွင် အသေသတ်ခံခဲ့ခြင်း*

သခင်ယေရှုသည် ကားစင်ထက်တွင် နံနက် ကိုးနာရီတွင် ရိုက်ထား ခြင်းကို ခံရပြီး၊ မွန်းလွဲ သုံးနာရီ၌ အသက်တော်ကို စွန့်တော်မူခဲ့၏။ မွန်းတည့် ချိန်မှစ၍ သုံးနာရီတိုင်အောင် တလောကလုံးသည် မဲမှောင် လျက်ရှိ၏။ ထိုနောက် ယေရှုသည် ငိုကြွေးလျက် "အမှုပြီးပြီ"ဟု မိန့်တော်မူပြီး နောက် အသက်တော်ကို စွန့်တော်မူ၏။ ထိုအခါ ခဏခြင်းပင် ဗိမာန်တော်၏ ကုလားကာသည် အထက်စွန်း မှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ ကြီးစွာသော မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏။

ထိုနောက်မှ ယေရှုသေပြီးနောက် ရောမစစ်သားများ ရောက်လာကြ ၏။ ယေရှု၏ဘေးရှိ လက်ဝါးကပ်တိုင်ပေါ် ရိုက်ထားသော သူနှစ်ယောက်တို့ ၏ ခြေကို ရိုက်ချိုးကြ၏။ သို့သော် ယေရှုထံသို့ရောက်သော် သူသည် သေနှင့် ပြီး ကြောင်းကို တွေ့မြင်လျှင် ခြေကို မချိုးဘဲ နေကြ၏။ ထိုအကြောင်းအရာ ကား ကယ်တင်ရှင်၏ ကိုယ်မှ အရိုးတစ်ချောင်းမျှ မကျိုးရဟု (ဆာလံ၊၃၄း၂၀) အရ ပရောဖက်ပြုခဲ့သော ကျမ်းစာလာချက်ကို တိုက်ရိုက်ပြည့်စုံခြင်း အ ကြောင်း ဖြစ်၏။

*ယေရှုကိုသင်္ဂြိုဟ်မြှုပ်နှံခြင်း*

အရိမသဲမြို့သား ယောသပ် ဖြစ်သော သူဌေးတစ်ယောက်သည် ပိလတ်မင်း ထံလာပြီး ယေရှု၏ အလောင်းတော်ကို ယူသွားမည့်အကြောင်း အခွင့် တောင်း၏။ ပိလတ်မင်းသည် ယေရှု သေကြောင်းကို အသေအချာ သိလျှင် ယောသပ်၏တောင်းဆိုချက်ကို ခွင့်ပြုလေ၏။

ယောသပ်နှင့်အခြားသော တပည့်တော်ဖြစ်သော နိကောဒင် တို့သည် လာ၍ ယေရှု၏ အလောင်းကိုသင်္ဂြိုဟ်ရန် ပြင်ဆင်လေ၏။ သူ၏ အလောင်း တော်ကို ပိတ်ပုဆိုးဖြင့် ပတ်ရစ်ကြ၏။ ယေရှု၏ကိုယ်ခန္ဓာတွင် ဒါဏ်ရာများရှိ ၍ အဝတ်တွင် မွှေးကြိုင်သော နံ့သာများကို ထည့်လျှက် ပတ်ရစ်လေ၏။

'ယေရှု၏အလောင်းတော်ကို ကျောက် တွင် ထွင်းထားသော၊ တစ်ယောက်ကိုမျှ မ သင်္ဂြိုဟ်ဘူးသော၊ သင်္ချိုင်းတွင်းသစ် တစ်ခု တွင် မြှုပ်နှံကြ၏။ ကြီးစွာသော ကျောက် ဖြင့် သင်္ချိုင်းဂူတံခါး အဝကို ပိတ်ခဲ့ကြ၏။

ယေရှု၏တပည့်တော်များသည် သူ၏အလောင်းကို ခိုးယူနိုင်ပြီး သင်္ချိုင်းမှ ထမြောက်ကြောင်း ကြွေးကြော်မှာကို ဖာရိရှဲတို့သည် ကြောက် သဖြင့် သင်္ချိုင်းဂူကို စောင့်ကြပ်ရန် ရောမ စစ်သားများကို တာဝန်ချ ထားပေး ရန် ပိလတ်မင်းထံ တောင်းဆိုကြ၏။ ပိလတ်မင်းသည် သူတို့၏ တောင်းဆို ခြင်းကို ခွင့်ပြုခဲ့၏။

*ယေရှု သင်္ချိုင်းမှ ထမြောက်ခဲ့ခြင်း*

ယေရှု၏ အလောင်းသည် သင်္ချိုင်းဂူအတွင်း သုံးရက်နှင့် သုံးည လဲလျောင်း ခဲ့၏။ တတိယမြောက်သောနေ့ နံနက် မိုးမလင်းမီ သခင်ယေရှု သည် သေခြင်းမှ ထမြောက်ခဲ့၏။ ထိုနောက်မှ ကြီးစွာသော မြေလျှောင် လှုပ် လေ၏။ ထာဝရဘုရား၏ ကောင်းကင် တမန်သည် ကောင်းကင်ဘုံမှ ဆင်းလာပြီး၊ ဂူတံခါးဝ၌ ပိတ်လျက်ရှိသော ကျောက်ကို လိမ့်လှန်ခဲ့၏။ ကျမ်းစာ က ရောမစစ်သားတို့သည်"ကြောက်ရွံ့သဖြင့် တုန်လှုပ်၍ သေမတတ် ဖြစ်ကြ၏"ဟုဆို၏။

ထိုနေ့ နံနက်စောစောတွင် အမျိုးသမီးသုံးဦးတို့သည် ယေရှု၏ သင်္ချိုင်းဂူသို့ လာကြ၏။ယေရှု၏အလောင်းကို နံ့သာမျိုးနှင့် ပြင်ဆင်ရန် လာခြင်း ဖြစ်၏။ သို့သော် သူတို့ ရောက်သောအခါ သင်္ချိုင်းသည် ဗလာ ဖြစ်ကြောင်းကိုသာ တွေ့ကြ၏။ ကောင်းကင်တမန်က သူတို့အား "ကြောက် ရွံ့ခြင်း မရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာ သတ်သော ယေရှုကို သင်တို့ ရှာကြ သည်ကို ငါသိ၏။ ဤအရပ်၌ မရှိ။ မိန့်တော်မူသည်အတိုင်း ထမြောက် တော်မူပြီ။..."ဟုဆို၏။ အမျိုးသမီးတို့သည် ယေရှု ထမြောက်ကြောင်းကို တပည့်တော်တို့အား ကြားပြောရန် နောက်သို့ပြန်ပြေးသွားကြ၏။ သူတို့ သည် ပေတရုနှင့် ယောဟန်ကို တွေ့ပြီး သူတို့မြင်ခဲ့၊ ကြားခဲ့သမျှတို့ကို ကြားပြော လေ၏။ ပေတရုနှင့် ယောဟန်သည် သင်္ချိုင်းသို့ ပြေးသွားကြ၏။ သူတို့ သင်္ချိုင်းဂူသို့ ရောက် သောအခါ အုံ့ဖွယ်မြင်ကွင်းကို တွေ့ကြ၏။ ယေရှု၏ အလောင်းကို ပတ်ရစ် လျှက်ရှိသော ပိတ်ပုဆိုးသည် ပုံမပျက်ဘဲ ရှိလျှက် နေ၏။ လူ၏ ပုံစံအတိုင်းပင် ရှိနေပြီး ယေရှု၏ ခန္ဓာမှုကား မရှိတော့ပါ။ ခေါင်းတော်၌ ရှိသော ပဝါသည် ပိတ်ပုဆိုးနှင့်အတူ မရှိဘဲ တခြားစီလိပ်လျက် ထောင့်တခု၌ရှိနေ၏။ ယေရှု ထမြောက်ခဲ့ပြီ။

တပည့်တော်များ ထွက်သွားပြီးနောက် မာဂဒလမာရိ သည် သင်္ချိုင်းဂူ အပြင်ဘက်တွင် ငိုကြွေးလျက် ရပ်နေ၏။ သူမသည် ငုံ့၍ တွင်းထဲသို့ ကြည့်လျှင် ကောင်းကင်တမန် နှစ်ပါးကို မြင်လေ၏။ သူတို့က သူမအား "အချင်း မိန်းမ အဘယ်ကြောင့် ငိုကြွေးသနည်း။"ဟု မေးလျှင် မာရိက "ကျွန်မ၏ သခင်ကို ယူသွားကြပြီ။ အဘယ်မှာ ထားကြသည်ကို မသိပါ"ဟု ပြောဆို၏။ ထိုသို့ဆိုပြီးမှ နောက်သို့လှည့်လျှင် လူတစ်ယောက်သည်သူမအား စကားပြော တော်မူ၏။ ထိုသူသည် ယေရှုကိုယ်တော်တိုင်ဖြစ်၏။ သူက "အချင်းမိန်းမ အဘယ်ကြောင့် ငိုကြွေးသနည်း။ အဘယ်သူကို ရှာသနည်း။"ဟု မေးတော်မူ၏။ မာရိသည် မော် မကြည့်ဘဲနှင့် သူ့ကို ဥယျာဉ်စောင့် ဖြစ်သည် ဟု ထင်မှတ်၏။ ယေရှုက တဖန် "မာရိ"ဟု ခေါ်လျှင် သူမသည် သခင် ယေရှု ကို မှတ်မိပြီး "အရှင်ဘုရား"ဟု ထူးတော်မူ၏။

ထိုည တပည့်တော် ဆယ်ယောက်တို့သည် ထိုနေ့တာ၏ ထူးခြားသော အဖြစ်အပျက်များကို ပြောဆိုရန် ပိတ်ထားလျက်ရှိသော အခန်းတွင် တွေ့ဆုံကြ၏။ သောမသည် သူတို့နှင့်အတူမရှိပါ။ ဂျူးများကို ကြောက်သော ကြောင့် တံခါးသည် ပိတ်လျက်ရှိ၏။ ရုတ်တရက် သူတို့၏အလယ်၌ ယေရှု သည် ပေါ်လာပြီး "သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း"ဟု မိန့်တော်မူ၏။ တပည့်တော်တို့သည် ကြောက်ရွံ့ကြ၏။ တပည့်တော်တို့သည် ယေရှုကို တစ္ဆေ ဖြစ်သည်ဟု ထင်မှတ်ကြ၏။ ယေရှုက **" ကိုယ်တော်ကလည်း၊ အဘယ် ကြောင့် တုန်လှုပ်ခြင်းရှိကြသနည်း။ အဘယ်ကြောင့် အထူးထူး အထွေထွေ သော စိတ်ရှိကြသနည်း။-**

ငါ့လက်ကို ကြည့်ကြလော့။ ငါ့ခြေကိုလည်း ကြည့် ကြလော့။ ငါ ကိုယ်ပင်ဖြစ်၏။ ငါ့ကို ကြည့်ရှုစမ်းသပ်ကြလော့။ ငါသည် သင်တို့မြင်သည်အတိုင်း အရိုးအသားနှင့်ပြည့်စုံ၏။ တစ္ဆေ မည်သည်ကား ဤကဲ့သို့ မပြည့်စုံ"ဟု မိန့်တော်မူ၏။

တပည့်တော်တို့သည် ယေရှုကိုကြည့်လျက် အံ့ဩကြ၏။ ယေရှုက' 'သင်တို့၌ စားစရာ တစုံတခု ရှိသလော။"ဟု မေးတော်မူ၏။ သူတို့သည် ငါးကင် တစ်ပိုင်းနှင့် ပျားလပို့ကို ပေးကြ၏။ ယေရှုသည် သူတို့အရှေ့၌ စားတော်မူ၏။ ယေရှုသည် သင်္ချိုင်းမှ သူ၏အရိုး၊ အသား ခန္ဓာကိုယ်နှင့် ထမြောက်ခဲ့ပြီး။ တပည့်တော်များ မည်ကဲ့သို့သိသနည်း။ သူတို့ သူ့ကို မြင်ကြ၏။ သူ့ကို တို့ထိ စမ်းသပ်ကြ၏။ သူနှင့်အတူ စကားပြောဆိုကြ၏။ သူနှင့်အတူ စားကြ၏။

သူတို့ သောမကို ယေရှု အသက်ရှင်ကြောင်းကို ပြောသောအခါ၊ သောမ ကလည်း သူတို့ကို မယုံပါ။ သူက " သံရိုက်ရာ ချက်ကို မမြင်၊ သံရိုက်ရာချက်ကို လက်ညှိုးနှင့် မတို့မစမ်း၊ နံဖေးတော်ကိုလည်း လက်နှင့် မစမ်း မသပ်ရလျှင် အကျွန်ုပ်မယုံ"ဟုဆို၏။(ယော၊၂၀း၂၅)

ထိုနောက် ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်များသည် တဖန် ယခင် အခန်း၌ ပြန်ဆုံကြ၏။ သောမသည်လည်း ဤအချိန်၌ သူတို့နှင့် အတူ ရှိတော်မူ၏။ တဖန် ယေရှုသည်သူတို့၌ ပေါ်လာပြီး"သင်တို့၌ ငြိမ်သက်ခြင်း ရှိစေသတည်း"ဟု မိန့်တော်မူ၏။ ယေရှုသည် သောမထံသို့လှည့်၍ " **သင်၏ လက်ညှိုးကို ဆန့်၍ ငါ့လက်ကို ကြည့်လော့။ သင်၏လက်ကိုဆန့်၍ ငါ့နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်း မရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။" သောမ သည်လည်း ယုံမှားခြင်း မရှိတော့ပါ။ သောမ ကလည်း၊ "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင် ပါတကား"**ဟု ပြန်၍လျှောက်လျှက် ကိုးကွယ် လေ၏။ (ယော၊၂၀း၂၈)

သခင်ယေရှုသည် သင်္ချိုင်းမှ ထမြောက်ပြီးနောက် ဤမြေကြီးပေါ်၌ ရက်ပေါင်း လေးဆယ်တိုင် ကိုယ်ထင်ရှား ပြတော်မူ၏။ ကျမ်းစာ၌ ယေရှုသည် သူ ရှင်ပြန်ထမြောက်ပြီးနောက် အဖြစ်အပျက် အနည်းဆုံး ဆယ်ကြိမ်ထက် မနည်း တပည့်တော်တို့အား ကိုယ်ထင်ရှား ပြတော်မူခဲ့ကြောင်းကို ပြောဆိုထားပါသည်။ ကျမ်းစာက **"အသေခံတော်မူပြီးလျှင်၊ တမန်တော်တို့အား အရက် လေးဆယ်ပတ်လုံး ကိုယ်ကိုပြ၍ မိမိအသက်ရှင်သည် အကြောင်းကို ခိုင်ခံ့သော သက်သေ အများအားဖြင့်ပြတော်မူ၏ "ဟုဆို၏။(တ၊၁း၃)**

ယေရှု၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းက သူသည် ဘုရားသခင်၏ သားတော် ဖြစ်ကြောင်း သက်သေဖြစ်သည်။ ယေရှုသည် သေခြင်းမှ ထမြောက်ကြောင်းကို ကျွန်ုပ်တို့ သိကြသည်။ သို့သော် သူ၏သေခြင်းမှ ရှင်ပြန် ထမြောက်ခြင်း၏အမှန် အဓိပ္ပါယ်ကား အဘယ်နည်း။

ယေရှု၏သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းသည် သူသည်ဧကန်အမှန် ဘုရားသခင်၏သားတော်ဖြစ်ခြင်းနှင့် သူဟောပြော ခဲ့သော အကြောင်းအရာများ အားလုံးသည် အမှန်တရားဖြစ်ပေ၏။ သင်၏ကယ်တင်ခြင်းနှင့် ပတ်သက်၍ သံသယရှိခြင်း၌ သင်သည် ပြဿနာသော ရှိနေခဲ့သော်၊ သို့မဟုတ် ကျမ်းစာ အပေါ်ယုံကြည်မှု အရာ၌ သံသယ ဖြစ်နေသော မိတ်ဆွေများ သင်၌ ရှိနေခဲ့လျှင် ထိုအရာများအားလုံးကို ခဏဘေးဖယ်ထားလျက် အကြောင်းအရာ အားလုံးကို ဤမေးခွန်းအပေါ် ဆုံးဖြတ် စစ်ဆေးမှုကိုပြုပါ။ ယေရှုခရစ်သည် ဧကန် အမှန်သေခဲ့ပါသလား သူသည် ဧကန်အမှန်တဖန် ထမြောက်ခဲ့ပါ သလား။ ဧကန်အမှန်ဖြစ်ပါသည်။ သူသည် ဧကန်အမှန်သေခဲ့၏။ သူသည် ဧကန်အမှန် တဖန် ထမြောက်ခဲ့၏။ ထို့ကြောင့် သူသည် ဘုရားသခင်၏သား ဖြစ်ခြင်းနှင့် သူ ဟောပြောခဲ့သမျှသော အရာများအားလုံးတို့သည် အမှန်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိကြ၏။ ကျွန်ုပ်တို့သည် သူ့အပေါ် အပြည့်အဝ ယုံကြည် ကိုးစားခြင်းကို ပြုနိုင်ပါသည်။ ကျမ်းစာက **"သေခြင်းမှ ထမြောက်တော်မူ၍၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၊ တန်ခိုးနှင့်တကွ ဘုရားသခင် ၏ သားတော် ထင်ရှားဖြစ်တော်မူသော ငါတို့ သခင်ယေရှုခရစ်တည်း ဟူသော မိမိ သားတော်ကို အကြောင်း ပြု၍ ..."**ဟုဆို၏။(ရော၊၁း၃-၄)

ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်ခြင်းကို အာမခံချက်ပေးပါသည်။ သေပြီးနောက် ဘုရား၏ သားသမီးများ တဖန်အသက်ရှင်ခြင်းကို ဘုရားသခင်သည် ကတိပြုထားခဲ့ပါသည်။ သူသည် ဤအမှုကို ပြုလုပ် နိုင်ပါသလား။ အမှန်ပင် သူ ပြုလုပ် နိုင်ပါသည်။ မည်ကဲ့သို့ ကျွန်ုပ်တို့ သိနိုင်ပါသနည်း။ သူသည် ယေရှုကို ထမြောက်စေခဲ့သောကြောင့် ဖြစ်သည်။ ယေရှုက **"ငါသည် အသက်ရှင်သောကြောင့် သင်တို့ သည်လည်း အသက်ရှင် ရကြလိမ့်မည်။"ဟုဆိုသည်။(ယော၊၁၄း၁၉)**

တဖန်ယေရှုက**" ယေရှုကလည်း၊ ငါသည်ထမြောက် ခြင်းအကြောင်း၊ အသက်ရှင် ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သော သူသည် သေလွန် သော်လည်း ရှင်လိမ့်မည်။"** ဟုဆိုပြန်၏။(ယော၊၁၁း၂၅)

***ခရစ်ယာန်တယောက်သေပြီးနောက် ဘာတွေဖြစ်လိမ့်မည်နည်း***

ကျွန်ုပ်တို့သည်တဖန် အသက်ရှင်ခြင်းသို့ရောက်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိနေကြသည့်တိုင် ခရစ်ယာန်တစ်ယောက် သေခဲ့လျှင် ဘာတွေ ဖြစ်လိမ့်မည်နည်း။ စသော မေးခွန်းများသည် ကျွန်ုပ်တို့၌ ရှိနေပါသည်။ ကျွန်ုပ်တို့ ဘယ်ကိုသွားကြမည်နည်း။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ အဘယ်ကဲ့သို့ ဖြစ်မည်နည်း။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့မည်ကဲ့သို့ ဖြစ်လာလိမ့်မည်နည်း။ ကောင်းကင် ဘုံ၌ ကျွန်ုပ်တို့ ချစ်ခင်သော သူများနှင့် သိကြ လိမ့်မည်လား။ ဤ မေးခွန်းများသည် အလွန်မှ အရေးကြီးပါသည်။ ဤအကြောင်းအရာ များနှင့် ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ်တော်မှ မည်ကဲ့သို့ ပြောဆို ထားကြောင်းကို ကျွန်ုပ်တို့ ကြည့်ကြရမည်။

***(၁)ခရစ်ယာန်တယောက်သေခဲ့ပြီးနောက် ဘာတွေဖြစ်မည်နည်း။***

ယေရှုခရစ်နှင့်အတူ နေရန် သူ ထွက်သွားသည်။ ကိုယ်ခန္ဓာသည် မြေကြီး ထဲတွင် မြုပ်ထားသည်။ သို့သော် လူပုဂ္ဂိုလ် ဖြစ်သော၊ စိတ်နှင့် ဝိညာဉ်သည် ချက်ခြင်းပင် သခင်ယေရှုနှင့်အတူနေရန် ထွက်သွားသည်။ တမန်တော် ရှင်ပေါလုက **"ငါအသက်ရှင်သည် အရာမှာ ခရစ်တော် ဖြစ်၏။ သေလျှင် မူကား၊ သာ၍ အကျိုးရှိ၏။"ဟုဆို၏။(ဖိ၊၁း၂၁)**

ရှင်ပေါလုက ဘာကြောင့် သေလျှင်သာ၍ "အကျိုး" ရှိသည်ဟု ပြောဆို ရသနည်း။ အဓိပ္ပါယ်မှာ ခရစ်တော်နှင့်အတူ နေရန်သွားခြင်း ဖြစ်သည်။ ချစ်ခင်ရသော ခရစ်ယာန်တဦး သေသောအခါ ကျွန်ုပ်တို့သည် အလွန် ဝမ်းနည်းကြသည်။ ဤကား ဓမ္မတာပင်ဖြစ်သည်။ သူ့ကို ကျွန်ုပ်တို့ အလွန် လွမ်းဆွတ်သောကြောင့် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ သိထားရန်မှာ သူတို့သည် ခရစ်တော် နှင့်အတူရှိနေခြင်းသည် ဤနေရာမှာ ရှိနေခြင်းထက် အလွန်မှသာ၍ကောင်းလှပေသည်။

***(၂)ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ မည်ကဲ့သို့ဖြစ်မည်နည်း။***

ခရစ်ယာန် သေသောအခါ ခန္ဓာကို သင်္ချိုင်း တွင်ထားပါသည်။ ခန္ဓာသည် "ခရစ်တော်၌ အိပ်ပျော်ခြင်း" ဟုဆိုပါသည်။ ယေရှု တဖန် ကြွလာသော အခါ ကျွန်ုပ်တို့၏ခန္ဓာကို ထမြောက် စေလိမ့်မည်။ ခန္ဓာအသစ်ကို ပေးလိမ့်မည်။ ကျွန်ုပ်တို့၏ခန္ဓာကို အိမ်တလုံးအဖြစ် ပြောဆိုထားပါသည်။ တမန်တော် ရှင်ပေါလုက**"ယာယီတဲဖြစ်သော ငါတို့မြေအိမ်သည်ပျက်လျှင်၊ ကောင်းကင်ဘုံ၌ လူ လက်ဖြင့်မလုပ်ဘဲ၊ ဘုရားသခင်ဖန်ဆင်းတော်မူသော နိစ္စ ထာဝရ အိမ် ရှိကြောင်းကို ငါတို့ သိကြ၏။ "**ဟုဆိုသည်။(၂ကော၊၅း၁)

ဤနေရာ၌ ရှင်ပေါလုက ဘာပြောပါသနည်း။ သူက ငါသည် သေခဲ့သော်၊ ငါ၏ခန္ဓာသည် မြေသို့ပြန်သွားမည်။ တစ်နေ့သောအခါ အံ့ဘွယ်သော ခန္ဓာသစ်ကိုပေးရန် ဘုရားသခင်သည် သူကိုယ်တိုင် ကျွန်ုပ်တို့အတွက် ပြုလုပ် ပေးလိမ့်မည်။ ကျွန်ုပ်တို့ သည် ကောင်းကင်ဘုံ၌ အစဉ်နေရပေလိမ့်မည်။

***(၃)ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့မည်ကဲ့သို့ဖြစ်မည်နည်း။***

သခင်ယေရှုနှင့် တူလာလိမ့်မည်။ သူ၏ဘုန်းနှင့် ပြည့်သော ရှင်ပြန် ထမြောက်ခြင်းကဲ့သို့သော ခန္ဓာကို ရရှိကြလိမ့်မည်။ ကျမ်းစာက **"ချစ်သူတို့ ယခုတွင် ငါတို့သည် ဘုရားသခင်၏သား ဖြစ်ကြ၏။ နောက်မှ အဘယ် သို့သောသူ ဖြစ်မည်ဟု မထင်ရှားသေး၊ သို့သော်လည်း ကိုယ်တော် သည် ထင်ရှား ပေါ်ထွန်း တော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်း မူကား၊ ကိုယ်တော်ဖြစ်တော်မူသည့် အတိုင်းကို ငါတို့ သိမြင်ရကြလိမ့်မည်။" ဟုဆို၏။ (၁ယော၊၃း၂)**

***(၄)ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ ချစ်ခင်ခဲ့ရသောသူများနှင့် ကျွန်ုပ်တို့သိကြ လိမ့်မည်လား။***

ကျွန်ုပ်တို့ သိကြလိမ့်မည်။ ကောင်းကင်ဘုံ၌ ခရစ်တော်သည် ကျွန်ုပ်တို့ကို သိသကဲ့သို့ ကျွန်ုပ်တို့သည် အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် ကို သိကြလိမ့်မည်။ ကျမ်းစာက**"ယခုတွင် ငါတို့သည် မှန် အားဖြင့် ရိပ်မိလျှက်သာ နေကြ၏။ ထိုအခါ မူကား၊ မျက်မှောက်ထင်ထင် မြင်ရ လိမ့်မည်။ ယခုတွင် ငါ အသိအမြင် မစုံမလင် ဖြစ်၏။ ထိုအခါမူကား သူတပါးသည် ငါ့ကို သိသကဲ့သို့ ငါသိရ လိမ့်မည်။"ဟုဆို၏။(၁ကော၊၁၃း၁၂)**

သခင်ယေရှုခရစ်သည် သင်၏ကယ်တင်ရှင် ဖြစ်ပါသလား။ သူသည် သင့်ကို ပိုင်ကြောင်းကို သင်သည် သိပါသလား။ သို့ဖြစ်သော် သင်သည် သေခြင်းကိုကြောက်ရန် မလိုတော့ပါ။ ဘုရားသခင်၏ သားသမီး များ အတွက် သေခြင်းသည် ကောင်းကင် ဘုံသို့ ရောက်ရန် တံခါး တစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့ သခင်၏ မျက်မှောက် တော်ထဲ၌ ကျွန်ုပ်တို့ ထာဝစဉ် နေရပေလိမ့် မည်။ ယေရှုခရစ်သည် ထမြောက် ခြင်း အရှင်သခင် ဖြစ်သည်။ သူသည် အသက်ရှင် သောကြောင့် ကျွန်ုပ်တို့ သည်လည်း အသက်ရှင် ရကြလိမ့်မည်။

*(အန်ဒရူး )*

---

## ယုံကြည်စိတ်ချ (မူး) (K.B.T.I)

တစ်ခါက သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ရှိသတဲ့ သူတို့ နှစ်ယောက် စလုံးဟာ ပညာ စီးပွား စိတ်နေသဘောထား အရည်အချင်း အစစ အရာရာ တူညီကြပါတယ်။ အဲ ဒါပေမဲ့ မတူညီတာကတော့ တစ်ယောက်က အသက်ရှင်တဲ့ ဘုရားသခင်ကို ယုံကြည်စိတ်ချ အားကိုးပြီး နေ့စဉ်နှင့်အမျ

ဘုရားသခင်ရဲ့ ကျေးဇူးမေတ္တာကို အမြဲရေတွက် ချီးမွမ်းပြီး သွားလာ လုပ်ရှား အသက်ရှင်တယ်။ နောက်တစ်ယောက်ကတော့ ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ်လုပ်မှ၊ ကိုယ်ကြိုးစားမှ၊ ကိုယ်စုဆောင်းရှာဖွေမှ ကိုယ်ခံစား၊ စံစားရမယ်လို့ ခံယူချက် ရှိသူဖြစ်ပါတယ်။

အဲဒီလိုနဲ့ တစ်နေ့ပြီးတစ်နေ့ လှုပ်ရှားသွားလာရင်း အသက်တွေလဲ ကြီးရင့်လာကြတာပေါ့၊ အဲ မမျှော်လင့်တဲ့ တစ်နေ့မှာတော့ နှစ်ယောက်စလုံး ပင်လယ်ပြင်ကြီးကို ကူးခတ်ပြီး တစ်ဘက်ကမ်းသို့ သွားဖို့ အခွင့်ကြုံ လာသတဲ့။ အဲဒါနဲ့ ကိုယ့်အားကိုယ်ကိုးတဲ့ သူဟာ ပင်လယ်ပြင်ကို ကူးဖြတ်ဖို့ ကြောက်စိတ်၊ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေနဲ့ ပြည့်ပြီး ကမ်းခြေမှာ ယောက်ယက်ခတ် နေသတဲ့ ဒါပေမဲ့ စိတ်တည်ငြိမ် အေးချမ်းမှု မရခဲ့ပါဘူး။ ဘုရားရှင်ကို အမြဲတမ်း ယုံကြည်စိတ်ချ အားကိုးနေတဲ့ သူကတော့ ကမ်းခြေမှာ ဆုတောင်းတဲ့အခါ စိတ်အေးချမ်း တည်ငြိမ်မှု ရခဲ့ပါတယ်။ ပူပင်သောက မရှိဘဲ စိတ်ထဲမှာ ကြည်နူးနေသတဲ့။ အဲဒါနဲ့ ပင်လယ်ပြင်ကြီးကို ကူးခတ်တဲ့အခါမှာ စိတ် ပူပင်တတ်ပြီး ဘုရားကို အား မကိုးတဲ့လူဟာ လမ်းခုလတ်မှာ စုံးစုံးမြုပ်ပြီး သေဆုံးသွားပေမဲ့ ဘုရားကို အားကိုးတဲ့ သူကတော့ တစ်ဘက်ကမ်းကို ချောချော မောမော ရောက်ရှိ သွားပါတယ်။

သေခြင်းကို အောင်နိုင်တဲ့သူဟာ ခရစ်တော် တစ်ပါးတည်းသာ ဖြစ်ပါတယ်။ သခင်ခရစ်တော်ဘုရားနဲ့ အတူ ယုံကြည်စိတ်ချ သွားလာ လှုပ်ရှား အသက်ရှင်တဲ့ သူမှသာ ထာဝရ ကောင်းကင်နိုင်ငံတော်သို့ ရောက်မှာ ဖြစ်ပါတယ်။ ဘယ်ရာထူး၊ ဘယ်စည်းစိမ်၊ ဘယ်နာမည်မှ ထာဝရကောင်းကင် နိုင်ငံတော်သို့ မပို့နိုင်ပါ။ သခင်ခရစ်တော်၏ နာမတော် တပါးတည်းသာ ထာဝရ ကောင်းကင် နိုင်ငံတော်သို့ ပို့နိုင်ပါတယ်။ သမ္မာကျမ်းစာအုပ် တစ်အုပ်တည်းသာ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်မြတ်ကို သွန်သင်ပေးပါတယ်။ ဒုတိယ မွေးခြင်း ပြုမှသာလျှင် မိမိ၏ ဇာတိပကတိ အပြစ်ကို ဆေးကြောပေးနိုင်ပါတယ်။ သခင်ခရစ်တော်ဘုရား၏ အသွေးနှင့် အသားကို စားသုံးမှသာ သခင်ခရစ်တော်ဘုရားနှင့် သက်ဆိုင်မည်။ ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်လျှောက် အသက်ရှင် မှသာလျှင် ဘုရားသခင်၏ သားသမီးအစစ် ဖြစ်မည်။

ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း၊ ဓမ္မသနာ နားဆင်ခြင်း၊ ဝိညာဉ်ရေးနှင့် သက်ဆိုင်သော စာပေများ ဖတ်ရှုခြင်းဖြင့် ဝိညာဉ် ခွန်အားရရှိပြီး ကိုယ်နှင့် သက်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်း၊ ခံစားရသော ကောင်းကြီး မင်္ဂလာ ဆုကျေးဇူးများကို ပေးဝေခြင်းဖြင့် ဘုရားအလိုတော်အတိုင်း အသက်ရှင်သော သူများ ဖြစ်နိုင်ကြပါစေ။ လောက၌ အသက်ရှင်စဉ် ကိုယ်စိတ်နှလုံး သုံးပါး ကျန်းမာပျော်ရွှင် ကြပါစေ။ ။ မှူး (K.B.T.I)

(ဝန်ခံချက်။ ၁၆–၀၃–၂၀၀၄ခုနှစ် အသက် ၈၁နှစ်အရွယ်တွင် ချစ်မေတ္တာနှင့် ပြည့်ဝလျက် အေးချမ်းသာယာ ပျော်ရွှင်မှုနှင့် ပြည့်စုံသော ထာဝရကောင်းကင် နိုင်ငံတော် အဖဘုရားသခင်၏ ရင်ခွင်၌ ရောက်ရှိနေသော အချစ်ဆုံး မိုးမိုး (မေမေ့) ကို ရင်ထဲမှာ အစဉ်အမြဲ သတိရလျှက် ဆရာကြီးစောလွယ်စေး ၏ တရားဒေသနာအား ပြန်လည်ရေးသားထားခြင်းဖြစ်ပါတည်။ )

---

## အလှူငွေနှင့်ဆယ်ဖို့တစ်ဖို့ မေရီ(ဖျာပုံ)

မာလခိ ၃း၁၀ ဆယ်ဖို့တစ်ဖို့ ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ … မိုးကောင်းကင် ပြူတင်းပေါက် တို့ကို ဖွင့်၍ … ထာဝရဘုရား မိန့်တော်မူ၏။

ဟေဗြဲလူမျိုး များရဲ့ အိမ်ထောင်မှု စနစ်မှာ ရရှိတဲ့ ဝင်ငွေရဲ့ ဆယ်ပုံ တစ်ပုံကို ထာဝရဘုရားရဲ့ အမှုတော်အတွက် ထောက်ပံ့ရန် သီးသန့် ဖယ်ထားလေ့ ရှိပါတယ်။ ဒါ့ကြောင့် မောရှေက ဣသရေလ လူမျိုးများကို စပါးဖြစ်စေ၊ သစ်သီး ဖြစ်စေ၊ မြေက ဖြစ်သမျှသော အသီးအနှံ ဆယ်စုတစ်စုသည် ထာဝရ ဘုရား ဘဏ္ဍာတော်ဖြစ်၏ ထာဝရဘုရားအဖို့ သန့်ရှင်းစေရမည်၊ နွားဖြစ်စေ သိုးဆိတ်ဖြစ်စေ၊ အကောင်ဆယ်စု တစ်စုသည် ထာဝရ ဘုရားအဖို့ သန့်ရှင်းရမည် ဟု ဖွင့်ဆိုခဲ့ပါတယ်။

ဒါပေမဲ့ ဆယ်ဖို့တစ်ဖို့ ပေးခြင်းစံနစ်ကို ဟေဗြဲလူမျိုးများက အစပျိုးပေးခဲ့တဲ့ စနစ်တစ်ခု မဟုတ်ပါဘူး။ ထာဝရဘုရားဟာ ရှေးယခင်ကပင် ဆယ်ဖို့တစ်ဖို့ကို မိမိပိုင် ဘဏ္ဍာ ဖြစ်ကြောင်း ဖွင့်ဆိုတော်မူခဲ့ပြီး ထိုဖွင့်ဆို တောင်းခံချက်ကို ဟေဗြဲ များက အသိအမှတ်ပြုကာ အရေးတယူထားခဲ့ကြပါတယ်။ အာဗြံဟံက ဆယ်ဖို့တစ်ဖို့ကို ထာဝရဘုရား၏ ယဇ်ပုရောဟိတ်မင်း ဖြစ်တဲ့ မေလခိဇေဒက်အား ပေးလှူခဲ့ပါတယ်။ ယာကုပ်က "ပေးသနားတော်မူ သမျှတို့ကို ဆယ်ဖို့တစ်ဖို့ ပူဇော်ပါမည်" လို့ဗေသလ အရပ်မှာ ထာဝရဘုရားအား ကတိပြုခဲ့ပါတယ်။ ဣသရေလများဟာ နိုင်ငံတစ်ခုကို တည်ထောင်တော့မဲ့ အချိန်မှာ ဆယ်ဖို့တစ်ဖို့ ပေးခြင်းကို ဘုရားသခင် တည်ထောင်ထားတဲ့ စနစ်တစ်ခု အဖြစ် လက်ခံကာ ထိုစနစ်ကို ကျင့်သုံးခြင်းဖြင့် ကြီးပွားချမ်းသာခြင်းအခွင့်ကို ရတယ် ဟူသော အချက် ကို ပြန်လည် အတည်ပြုခဲ့ကြပါတယ်။

ဆယ်ဖို့တစ်ဖို့ ပေးခြင်းနှင့် အလှူငွေပေးခြင်းတို့ကို တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ထာဝရဘုရားဟာ ဝေနေယျ သတ္တဝါများအား ကောင်းကြီးမင်္ဂလာ အဖြာဖြာ သွန်းလောင်းချပေးသော အရှင်ဖြစ်ကြောင်း ကိုယ်တော်ချပေးသော ကောင်းကြီးမင်္ဂလာများအတွက် လူသားများသည် ကိုယ်တော်အား ကျေးဇူးတင်ထိုက်ကြောင်း စသည့် အမှန်တရားများကို လူသားများ သိရှိလာရန် ဖြစ်ပါတယ်။

ဘုရားသခင်သည် ခပ်သိမ်းသော သူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက် ဝင်သက်မှစ၍ ခပ်သိမ်းသော အရာတို့ကို ပေးတော်မူ၏။ တောတိရစ္ဆာန် ရှိသမျှတို့နှင့် တစ်ထောင်သော တောင်ပေါ်မှာရှိသော တိရစ္ဆာန်တို့သည် ငါ၏ဥစ္စာ ဖြစ်ကြ၏ ရွှေနှင့်ငွေကို ငါပိုင်သည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူ၏။ ထို့အပြင် စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင် ပေးတော်မူ၏ ကောင်းကြီးမင်္ဂလာ အဖြာဖြာသည် ကိုယ်တော်ထံမှ လာကြောင်း အသိအမှတ်ပြုသည့် အနေဖြင့် ကိုယ်တော်၏ အမှုတော် ဆက်လက်တည်တံ့ စေရန် ဆယ်ဘို့တစ်ဘို့ကို ကိုယ်တော်အား ပြန်လည်ပေးလှူကြရန် ထာဝရဘုရား မိန့်တော်မူခဲ့ပါတယ်။

စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏၊ အထောက်မတန် စုသိမ်း၍ ဆင်းရဲခြင်းသို့ ရောက်တတ်သော သူလည်းရှိ၏ ဟု ရှောလမုန်မင်းကြီးက ဖွင့်ဆိုခဲ့ပါတယ်။ "အနည်းငယ်သော မျိုးစေ့ကို ကြဲသော သူသည် စပါး အနည်းငယ်သာ ရိတ်ရမည်။ များစွာကြဲသောသူသည် များစွာ ရိတ်ရမည်ဟု မှတ်ကြလော့၊ သူသည် စွန့်ကြဲပြီ၊ ဆင်းရဲသော သူတို့အား ပေးကမ်းပြီ၊ သူ၏ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲ တည်တတ်၏ဟု လာသည်နှင့်အညီ သင်တို့သည် အရာရာ၌ သုံးလောက်သော ဥစ္စာအမျိုးမျိုးရှိ၍ ကောင်းသော အကျင့်အမျိုးမျိုးနှင့် အထူးသဖြင့် ပြည့်စုံမည်အကြောင်း အမျိုးစုံသော မင်္ဂလာ ကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှာ ဘုရားသခင် တတ်နိုင်တော်မူသည် ဟု ဓမ္မသစ်ကျမ်းမှာ ရှင်ပေါလုက သွန်သင်ထားပြန်ပါတယ်။

ရှေးခေတ် ဣသရေလလူမျိုးများအချိန်က အလှူငွေများ ပေးလှူခဲ့ကြပေမဲ့ ကျွန်မတို့ ခေတ်က ယုံကြည်သူများ ပေးတဲ့ အလှူငွေတွေဟာ ရှေးယခင်ကထက် လျော့နည်း နေကြပါတယ်။ မိမိခံစားရသော ကောင်းကြီးမင်္ဂလာနှင့် အလင်းတရားများအတိုင်း အလှူတော်ငွေ ထည့်ဝင်ရမယ်လို့ ခရစ်တော်ကိုယ်တိုင် သွန်သင်ခဲ့ပါတယ်။ အကြင်သူသည် များစွာသော ကျေးဇူးကို ခံရ၏ ထိုသူသည် အများကို ဆပ်ရ၏။ အကြင်သူ၌ များစွာသော ဥစ္စာကို အပ်နှင်း၏ ထိုသူကို များစွာတောင်းလိမ့်မည်။ " ငွေအပြင် သင်တို့သည် အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြသည်ဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့" ဟူ၍ တမန်တော်များကို အမှုတော်ဆောင်ရန် စေလွှတ်စဉ်က ခရစ်တော် မိန့်တော်မူခဲ့ပါတယ်။ ကျွန်မ တို့ဟာ ကောင်းကြီးများနဲ့ အထူးအခွင့်အရေးများကို ပို၍ပို၍ များပြားစွာ ခံစားနေရသော အချိန်မှာ ကယ်တင်ခြင်းစကား ပြောကြားခြင်း အမှုတို့ကို တိုးမြှင့်ရန် ကြွယ်ဝသော အလှူတော်ငွေများကို ပေးလှူခြင်းအားဖြင့် မိမိရဲ့ ကျေးဇူးတင်ခြင်း သဘောကို မဖေါ်ပြသင့်ကြဘူးလား။



ထာဝရဘုရားက ကျွန်မတို့ လူသားများအား မိမိ၏ ဘဏ္ဍာစိုးများ အဖြစ် ခန့်ထားတော်မူပါတယ်။ အပ်နှံထားတဲ့ ပစ္စည်း ဥစ္စာများဟာ ဧဝံဂေလိ တရား ဟောခြင်းအတွက် ကိုယ်တော် စီမံထားသော ဥစ္စာများ ဖြစ်ပါတယ်။ သစ္စာ ရှိသော ဘဏ္ဍာစိုးအဖြစ် မိမိကိုယ်ကို ထင်ရှားစေသော သူများကို ပို၍ များပြား သော ဘဏ္ဍာများနှင့် ကိုယ်တော် အပ်နှင်းတော်မူပါလိမ့်မည်။

ငါ့ကို ချီးမြှောက်သော သူကို ငါ ချီးမြှောက်မည်။ စေတနာစိတ်နှင့် လှူသော သူကို ကတိတော် အတိုင်းကောင်းကြီး ခံစားရကြလိမ့်မည်။

ချစ်သော ညီအစ်ကို မောင်နှမ အယောက်စီတိုင်း နှစ်သစ်မင်္ဂလာကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်လျှက် ကိုယ်တော်ရှင်အတွက် အကောင်းဆုံး ပေးလှူဆက်ကပ် နိုင်ကြပါစေလို့ ဆုတောင်းပေးလျှက် ။ ။ မေရီ (ဖျာပုံ)

---

((သခင့်စကားစာစောင်ကို www.jbcs.org.sg တွင်အခမဲ့ဖတ်ရှုနိုင်ပါသည်))

မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

Min Aung Thet Lwin, Blk 76A #30-02 Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))